# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၁၈/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(၂၈) ရက်

| ၂၈- ၈- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၄၅.၈၇ |
| စင်္ကာပူဒေါ်လာ | ၁,၆၃၄.၉၄ |
| စတာလင်ပေါင် | ၂,၈၃၅.၈၄ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၂၇.၆၅ |
| တရုတ်ယွမ် | ၂၉၄.၄၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၄၆ |
| အိန္ဒိယရူပီး | ၂၃.၉၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၃၆ |
| မလေးရှား ရင်းဂစ် | ၄၉၇.၈၁ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၇၉ |
| ရုရှားရူဘယ် | ၂၆.၁၆ |
| ထိုင်းဘတ် | ၆၄.၉၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲမျိုးစုံနှင့်သီးနှံများ ပျက်စီးဆုံးရှုံးမှုရှိ

➢ အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်ဈေးနှုန်းသည် ဝယ်လိုအား လျော့နည်းမှုကြောင့် ၅၀ ရာခိုင်နှုန်း ကျဆင်း

➢ ရုရှားနိုင်ငံ၏ ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှု ယခုနှစ်တွင် တန်ချိန် ၁၃၅ သန်း ရရှိရန် ခန့်မှန်း

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်စည်းကြပ်မှုအား အပြည့်အဝဆန့်ကျင်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံပြောကြား

➢ ရုရှားနိုင်ငံနှင့် စွမ်းအင်ကုန်သွယ်မှုအပေါ် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်မှုကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် "ရှုပ်ထွေးလျက်ရှိသည်" ဟု နိုင်ငံခြားရေးဝန် ကြီးပြောကြား

➢ ရုရှားမှ တရုတ်သို့ ရေနံတင်ပို့မှု ၇ လအတွင်း ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်း

➢ ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏ ငါးနှစ်အတွင်း ခုနစ်ဆတိုးလာ

## အိန္ဒိယတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲမျိုးစုံနှင့်သီးနှံများ ပျက်စီးဆုံးရှုံးမှုရှိ

အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဓိက ကောက်ပဲသီးနှံများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ စသည့်ပဲမျိုးစုံအပါအဝင် ပဲပုပ်၊ ဝါနှင့် ဟင်းသီးဟင်း ရွက်သီးနှံများ ကြီးမားစွာပျက်စီးပြီး လယ်သမားများ ဆုံးရှုံးမှုကြုံတွေ့ရနိုင်ကြောင်း သိရှိရသည်။

ယခုလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စားသုံးသူများသည် ဈေးများသို့ သွား ရောက်ဝယ်ယူမှုကျဆင်းခဲ့ရာ မွမ်ဘိုင်းမြို့တွင် ဟင်းသီးဟင်းရွက်အများစု၏ ဈေးနှုန်းများသည် ၃၀-၄၀ ရာခိုင်နှုန်းကျဆင်းသွားခဲ့ကြောင်း၊ သို့ရာတွင် ရေကြီးနေသောနေရာများတွင် သီးနှံများပျက်စီးခဲ့ သောကြောင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများသည် ရက်သတ္တပတ်အနည်းငယ်အကြာတွင် စတင်မြင့် တက်လာနိုင်ဖွယ်ရှိကြောင်း၊ သို့သော်လည်း ပြည်ပမှ တင်သွင်းသည့် ပဲမျိုးစုံအများ အပြားရရှိနိုင်မှု ကြောင့် ဈေးနှုန်းများကိုထိန်းထားနိုင်မည်ဟု မျှော်လင့်ကြောင်း ကုန်သည်များက ပြောကြားထား သည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မွမ်ဘိုင်းသို့ ဟင်းသီးဟင်းရွက်များ ရောက်ရှိလာမှုမှာ သိသိ သာသာကျဆင်းသွားခဲ့ကြောင်းနှင့် အစိုဓာတ်လွန်ကဲမှုကြောင့် ပျက်စီးသွားသော ဟင်းသီးဟင်းရွက် များကို စွန့်ပစ်ခဲ့ရကြောင်း Vashi APMC (စိုက်ပျိုးထုတ်လုပ်ရောင်းချရေးကော်မတီ) မှ ဟင်းသီးဟင်း ရွက်ဈေးကွက် ဒါရိုက်တာ Shankar Pingale က ပြောကြားခဲ့သည်။

ကြက်သွန်နီဈေးနှုန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မှုမြင့်မားလာရန် မျှော်မှန်းထားသော ကြောင့် ပြီးခဲ့သည့်သီတင်းပတ်မှ စတင်ကာ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သော် လည်း ကာနတာကပြည်နယ်နှင့် အင်ဒရာပရာဒေ့ရှ် ပြည်နယ်တို့မှ လာမည့်မိုးရာသီ ရိတ်သိမ်းမှု အပေါ် မိုးရွာသွန်းမှုများခြင်း၏ သက်ရောက်မှုကို အတိအကျမသိရသေးကြောင်း၊ Chittradurga ခရိုင်တွင် ကြက်သွန်နီသီးနှံပျက်စီးမှု တချို့ရှိခဲ့ကြောင်း၊ သို့ရာတွင် မိုးရွာသွန်းမှုလျော့နည်းလာသည် နှင့်အမျှ ရိတ်သိမ်းရန်အလားအလာ ပိုမိုကောင်းမွန်လာကြောင်း ဘင်ဂလူရူမြို့မှ ကြက်သွန်နီကုန် သည် S Anandan က ပြောကြားထားသည်။

ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မိုးရွာသွန်းမှုကြောင့် အိန္ဒိယတောင်ပိုင်းတွင် ကြက် သွန်နီဈေးနှုန်းများမြင့်တက်လာကြောင်း၊ သို့ရာတွင် ယခုနှစ်၌ တောင်သူများက ကြက်သွန်နီဂယ်လို အားနည်းသဖြင့် လက်ဝယ်သိုလှောင်ထားရှိမှုပိုမိုများပါကြောင်း၊ ကြက်သွန်နီသီးနှံအပေါ် အကျိုး

သက်ရောက်မှုကိုနားလည်ရန်အတွက် ၈ ရက်မှ ၁၀ ရက်ခန့်အထိ စောင့်ကြည့်ရန် လိုအပ်မည်ဖြစ်ကြောင်း သစ်သီးဝလံပန်းမန်ထွက်ကုန်တင်ပို့သူများအသင်း ဒုတိယဥက္ကဋ္ဌ Vikas Singh က ပြောကြားထားသည်။

ခရမ်းချဉ်သီးဈေးနှုန်းများသည် လွန်ခဲ့သည့်လတွင် ပြည်နယ်အသီးသီး၌ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ ဟိမာချယ်ပရာဒက်ရှ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ခရမ်းချဉ်သီးတစ်ကီလိုဂရမ်လျှင် ရူပီး ၇၀ (၃၅၀၀ ကျပ် ခန့်) ကျော်သွားခဲ့သည်။

မဟာရက်ရှ်ထရာ၊ ကာနတာကနှင့် ဂူဂျာရတ်ပြည်နယ်တို့၏ နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မဟာရက်ရှ်ထရာပြည်နယ်တွင် ခရိုင် ၁၉ ခုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပဲပုပ်၊ ဝါဂွမ်း၊ မတ်ပဲ၊ ပဲစင်းငုံ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား ပျက်ဆီးစေခဲ့ကြောင်းသိရှိရသည်။

အစိုဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် မတ်ပဲစိုက်တောင်သူများသည် သီးနှံများကို ကြာရှည်သိုလှောင်ထားနိုင်မည်မဟုတ်ဘဲ ဆုံးရှုံးမှုအချို့ကြုံတွေ့ရဖွယ်ရှိကြောင်း၊ ၎င်းတို့၏ကုန်စည်အား ဈေးကွက်သို့အလျင်အမြန်ရောင်းချလာနိုင်သောကြောင့် မတ်ပဲဈေးနှုန်းများ ကျဆင်းစေနိုင်ကြောင်း Four P International မန်နေဂျင်းဒါရိုက်တာ B Krishna Murthy က ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံ၏ ပြည်နယ်အများစုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံအများစု ထိခိုက်ပျက်ဆီးမှုများကြုံတွေ့နေရမှုအခြေအနေအားသိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံ၏ အဓိကပို့ကုန်သီးနှံများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံများလည်း ထိခိုက်ပျက်ဆီးမှုများရှိပြီး ဈေးကွက်အပေါ် သက်ရောက်မှုများရှိလာနိုင်သဖြင့် စောင့်ကြည့်လေ့လာဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Heavy rains damage vegetables, pulses crops, The Economic Times, August 20, 2025.

Agribusiness & Trade

## အိန္ဒိယနိုင်ငံ၏ လက်ဖက်ခြောက်စျေးနှုန်းသည် ဝယ်လိုအား လျော့နည်းမှုကြောင့် ၅၀ ရာခိုင်နှုန်း ကျဆင်း

ကင်ညာနှင့် နီပေါနိုင်ငံတို့မှ လက်ဖက်ခြောက်အား စျေးနှုန်းသက်သာစွာဖြင့် တင်သွင်းမှုမြင့်တက်လာခြင်းနှင့် အမေရိကန်၏ ဝယ်လိုအားအပေါ် သက်ရောက်မှုရှိသော Trump ၏ အခွန်စည်းကြပ်မှုများဆိုင်ရာ မသေချာမရေရာမှုများကြောင့် အိန္ဒိယ လက်ဖက်ခြောက်စျေးနှုန်းသည် ပြီးခဲ့သည့်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဩဂုတ်လတွင် တစ်ကီလိုဂရမ်လျှင် ၁၄ ရူပီးအထိ ကျဆင်းသွားခဲ့ကြောင်းသိရှိရသည်။

အကျိုးဆက်အနေဖြင့် ထုပ်ပိုးပြီးကုန်ချောလက်ဖက်ခြောက်များ၏ လက်လီစျေးနှုန်းများဆက်လက်ကျဆင်းသွားဖွယ်ရှိကြောင်း လူသုံးကုန်ပစ္စည်းထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများဖြစ်သည့် Hindustan Unilever (HUL) နှင့် Tata Consumer Products (TCPL) တို့က ပြောကြားခဲ့သည်။ လက်ဖက်ခြောက်လက်လီစျေးနှုန်းသည် ပြီးခဲ့သည့်နှစ် ဇူလိုင်မှ ဩဂုတ်လ ကာလတူနှင့်နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်း ထိကျဆင်းနေကြောင်း သိရှိရသည်။

လက်ဖက်စျေးနှုန်း သိသိသာသာကျဆင်းမှုသည် အာသံ၊ အနောက်ဘင်္ဂလား၊ ဟိမာချယ်ပရာဒေ့ရှ်နှင့် တောင်အိန္ဒိယပြည်နယ်များတွင် လက်ဖက်စိုက်ပျိုးသူခန့်မှန်းခြေ ၂၄ သန်းခန့်အပေါ် သက်ရောက်မှုရှိလာနိုင်ကြောင်း၊ ယင်းစိုက်ပျိုးသူများသည် ၂၀၂၄ ခုနှစ်၌ နိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုစုစုပေါင်းတွင် ၅၄ ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း အိန္ဒိယနိုင်ငံလက်ဖက်ဘုတ် အဖွဲ့၏ အချက်အလက်များအရ သိရသည်။

လက်ဖက်ကုန်ကြမ်းစျေးနှုန်းသည် ဧပြီ၊ မေလကတည်းက ဖိအားများခံနေရပြီး တစ်ကီလိုဂရမ်လျှင် ၂၂ ရူပီးနဲ့ ရောင်းချနေရကြောင်း၊ ကင်ညာနိုင်ငံ၏ လက်ဖက်ခြောက်ထုတ်လုပ်မှုပိုများလာသည်နှင့်အမျှ အိန္ဒိယသို့စျေးနှုန်းချိုသာစွာတင်ပို့မှုမြင့်တက်ခဲ့ပြီး လက်ဖက်စျေးနှုန်းများ အလုံးစုံကျဆင်းခဲ့ကြောင်း Confederation of Indian Small Tea Growers Association (CISTA) ၏ ဥက္ကဋ္ဌ Bijoy Gopal Chakraborty က ပြောကြားခဲ့သည်။

အစိုးရအချက်အလက်များအရ အိန္ဒိယနိုင်ငံ၏လက်ဖက်တင်သွင်းမှုသည် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ကီလိုဂရမ် ၂၅ ဒသမ ၂၁ သန်းမှ ၂၀၂၅ ဘဏ္ဍာနှစ်တွင် ၅၀ ဒသမ ၁၄ သန်းသို့ နှစ်ဆတိုးလာကြောင်း သိရှိရသည်။

Agribusiness & Trade

အိန္ဒိယသည် လက်ဖက်ခြောက် ကီလိုဂရမ် ၁၇ သန်းခန့်ကို အမေရိကန်သို့ တင်ပို့ခဲ့ပြီး ၎င်း၏ စုစုပေါင်းလက်ဖက်တင်ပို့မှု ကီလိုဂရမ် ၂၅၅ သန်း၏ ၇ ရာခိုင်နှုန်းခန့် ပါဝင်ပြီး ဆယ်စုနှစ် အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်းလည်း သိရှိရသည်။

ဂူဂျာရတ်ပြည်နယ်အခြေစိုက် Jivraj Tea ၏ မန်နေးဂျင်း ဒါရိုက်တာ Viren Shah က ထုတ်လုပ်မှုများပြားခြင်းကြောင့် လက်ဖက်ဈေးနှုန်းများလည်း ကျဆင်းသွားကြောင်းနှင့် ယခုအချိန်တွင် လက်ဖက်လက်လီဈေးနှုန်းများ ချက်ချင်းပြန်ကောင်းလာနိုင်ရန် မဖြစ်နိုင်သေးကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယသည် ၂၀၂၅ ခုနှစ်၊ ပထမနှစ်ဝက်တွင် လက်ဖက် ၃၅၉ ဒသမ ၃၂ ကီလိုဂရမ် ထုတ်လုပ်ခဲ့ပြီး ယခင်နှစ်ကထက် ၄ ရာခိုင်နှုန်း တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့သည်။

လက်ဖက်ခြောက်ဈေးနှုန်းများသည် မကြာသေးမီက လေလံပွဲများအတိုင်း ယခင်နှစ်ထက် ၁၃ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် လျော့နည်းခဲ့ပြီး ယခုနှစ်တွင်လည်း ဈေးနှုန်းအလားအလာမှာ ဆက်လက်အားနည်းနေမည်ဟု မျှော်မှန်းထားကြောင်း TCPL မှ မန်နေးဂျင်း ဒါရိုက်တာ Sunil D'Souza က ဇူလိုင်လတွင် သုံးသပ်ပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ကင်ညာနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ဈေးနှုန်းသက်သာသော လက်ဖက်ခြောက်များတင်သွင်းမှုမြင့်တက်လာခြင်းနှင့် အမေရိကန်၏ အခွန်နှုန်းထားများကြောင့် ဈေးကွက်အပေါ် သက်ရောက်မှုများရှိခဲ့ခြင်းတို့ကြောင့် လက်ဖက်ဈေးနှုန်းများကျဆင်းလျက်ရှိမှု အခြေအနေတို့အား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Raw tea leaf prices crash 50% amid surging imports and weak export demand, The Economic Times, August 21, 2025.

## ရုရှားနိုင်ငံ၏ ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှု ယခုနှစ်တွင် တန်ချိန် ၁၃၅ သန်း ရရှိရန် ခန့်မှန်း

ရုရှားနိုင်ငံသည် ယခုနှစ်အစပိုင်းမှစတင်၍ ကောက်ပဲသီးနှံ ရိတ်သိမ်းမှုသည် ဂျုံတန်ချိန် ၆၄ သန်းကျော် အပါအဝင် တန်ချိန် ၈၅ သန်းကျော်ရရှိထားပြီး ယခုနှစ်ကုန်တွင် ရိတ်သိမ်းနိုင်မှု ခန့်မှန်း

Agribusiness & Trade

ချက်မှာ တန်ချိန် ၁၃၅ သန်းရှိမည်ဟု ဒုတိယဝန်ကြီးချုပ် Mr. Dmitry Patrushev က ပြောကြားခဲ့သည်။

ရုရှားလယ်သမားများသည် ယနေ့အထိ ကောက်ပဲသီးနှံ တန်ချိန် ၈၅ သန်းကျော် ရိတ်သိမ်းထားပြီး ယင်းတို့အနက် ဂျုံသည် ၆၄ သန်းကျော် ပါဝင်ကြောင်း၊ ယင်းပမာဏသည် ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ကြောင်း ဒုတိယဝန်ကြီးချုပ်က စိုက်ပျိုးရေးဆိုင်ရာ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် နိုင်ငံ၏ ကောက်ပဲသီးနှံရိတ်သိမ်းနိုင်မှုသည် ဂျုံတန်ချိန် ၈၈-၉၀ သန်း အပါအဝင် စုစုပေါင်း တန်ချိန် ၁၃၅ သန်းခန့် ရောက်ရှိရန် မျှော်လင့်ထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီး Ms. Oksana Lut က အစောပိုင်းတွင် ပြောကြားခဲ့ဖူးသည်။

၂၀၂၄-၂၀၂၅ စိုက်ပျိုးရေးနှစ်တွင် ရုရှားနိုင်ငံသည် ကောက်ပဲသီးနှံ တန်ချိန် ၅၃ သန်း တင်ပို့ခဲ့ပြီး ယင်းတို့အနက် ဂျုံတန်ချိန် ၄၄ သန်း ပါဝင်ကြောင်း၊ ရုရှားသည် ကမ္ဘာ့ဂျုံဈေးကွက်တွင် ဦးဆောင်နေရာ၌ ဆက်လက်ရှိနေကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

လက်ရှိတွင် ရုရှားသည် နိုင်ငံပေါင်း ၁၀၈ နိုင်ငံသို့ ကောက်ပဲသီးနှံများ တင်ပို့လျက်ရှိပြီး ယင်းတို့အနက် နိုင်ငံ ၇၀ သည် ရုရှားဂျုံကို တင်သွင်းကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ရုရှား၏ ကောက်ပဲသီးနှံ စုစုပေါင်းရိတ်သိမ်းမှုမှာ တန်ချိန် ၁၃၀ သန်း နီးပါးရှိခဲ့ပြီး ယင်းတို့အနက် ဂျုံတန်ချိန် ၈၂ သန်းကျော် ပါဝင်ကြောင်း ရုရှားဖက်ဒရယ် စာရင်းအင်းဝန်ဆောင်မှုဌာန၏ အချက်အလက်များအရ သိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.interfax.ru/russia/1043536

……………………………………………………………………………………………….

Agribusiness & Trade

## အိန္ဒိယနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စု၏ အကောက်ခွန်စည်းကြပ်မှုအား အပြည့်အဝ ဆန့်ကျင်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံပြောကြား

တရုတ်ပြည်သူ့သမ္မတနိုင်ငံက အမေရိကန်ပြည်ထောင်စု၏ အိန္ဒိယနိုင်ငံအပေါ် ၅၀ ရာခိုင်နှုန်းအထိ အကောက်ခွန်စည်းကြပ်မှုနှင့် ထပ်မံတိုးမြှင့်ရန် ခြိမ်းခြောက်မှုကို အပြည့်အဝဆန့်ကျင်ကြောင်း အိန္ဒိယနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Xu Feihong က ယခုလ ၂၁ ရက်တွင် ပြောကြားခဲ့သည်။

Feihong က အကောက်ခွန်နှင့် ကုန်သွယ်ရေး "စစ်ပွဲများ" သည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှင့် ကုန်သွယ်မှုစနစ်ကို ထိခိုက်ပျက်ပြားစေနေကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တရုတ်သံအမတ်ကြီး၏ ပြောကြားချက်သည် အိန္ဒိယ-တရုတ် ဆက်ဆံရေး တိုးတက်လာချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်၍ အရေးပါကြောင်း တွေ့ရှိရသည်။

အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ယခုလ ၁၉ ရက်တွင် "တည်ငြိမ်သော၊ ပူးပေါင်းဆောင်ရွက်သော၊ အနာဂတ်ကိုမျှော်မှန်းသော" ဆက်ဆံရေးအတွက် အစီအမံများစွာကို ထုတ်ဖော်ခဲ့ကြောင်း သိရသည်။ အဆိုပါ အစီအမံများတွင် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးကို ပူးပေါင်းထိန်းသိမ်းခြင်း၊ နယ်စပ်ကုန်သွယ်မှုကို ပြန်လည်ဖွင့်လှစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုကို မြှင့်တင်ခြင်းနှင့် တိုက်ရိုက်လေကြောင်းဆက်သွယ်မှုများကို အမြန်ဆုံးပြန်လည်စတင်ခြင်းတို့ ပါဝင်ကြောင်း သိရသည်။

အာရှ၏ ရောမနိုင်ငံကြီးနှစ်ခု၏ "ပြည့်ဝသော" ဖွံ့ဖြိုးတိုးတက်မှု အလားအလာကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်သည့် အဆိုပါထုတ်ပြန်ကြေညာချက်များသည် သမ္မတ Donald Trump ၏ ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ မူဝါဒများကြောင့် အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား ဆက်ဆံရေးတွင် တိုးပွားလာသော ကွဲလွဲမှုများအကြားတွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး Wang Yi က ယခုသီတင်းပတ် အစောပိုင်းတွင် ဝန်ကြီးချုပ် Narendra Modi နှင့် တွေ့ဆုံခဲ့သလို နိုင်ငံခြားရေးဝန်ကြီး S. Jaishankar၊ အမျိုးသားလုံခြုံရေးအကြံပေး Ajit Doval တို့နှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယ

Agribusiness & Trade

နိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့သည် အဆိုပါ အစီအမံများကို နှစ်နိုင်ငံပူးတွဲစာတမ်းတစ်ခုတွင် ထည့်သွင်းဖော်ပြခဲ့ကြကြောင်း သိရသည်။

တရုတ်သံအမတ်ကြီးက IIC တွင် ကျင်းပသော အခမ်းအနားတစ်ခု၌ ပြောကြားရာတွင် ဝါရှင်တန်မှ နိုင်ငံအသီးသီးအပေါ် စည်းကြပ်ထားသည့် အကောက်ခွန်များကို ရည်ညွှန်းပြောကြားခဲ့သည်။

"အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံအပေါ် ၅၀ ရာခိုင်နှုန်းအထိ အကောက်ခွန်များစည်းကြပ်ခဲ့ပြီး ထပ်မံစည်းကြပ်ရန်ပင် ခြိမ်းခြောက်ခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၎င်းအား အပြည့်အဝ ဆန့်ကျင်သည်" ဟု ၎င်းက ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပမည့် SCO Summit အကြောင်း ပြောကြားရာတွင် Feihong က တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်း၍ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အကျိုးဖြစ်ထွန်းသော ရလဒ်များပါဝင်သည့် ထိပ်သီးအစည်းအဝေးကို ကျင်းပရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

" “နဂါးနှင့် ဆင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှု” (Dragon-elephant tango) ၏ အခန်းသစ်တစ်ခုကို ကျွန်တော်တို့ အတူတကွဖွင့်လှစ်နိုင်ပါတယ်" ဟု ၎င်းက အခိုင်အမာပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ အနေဖြင့် အမေရိကန်၏ ကောက်ခွန်ဆိုင်ရာ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုစသည့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက်ဆံရေးပိုမိုခိုင်မာအားကောင်းစေရန် အတူတကွပူးပေါင်းဆောင်ရွက်သွားမည့် အလားအလာများရှိနေကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: Economic Times, China Fully Opposes it: Envoy Xu on US Tariffs, August 22, 2025.

..........................................................................................................

Agribusiness & Trade

## ရုရှားနိုင်ငံနှင့် စွမ်းအင်ကုန်သွယ်မှုအပေါ် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်မှုကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် "ရှုပ်ထွေးလျက်ရှိသည်" ဟု နိုင်ငံခြားရေးဝန်ကြီးပြောကြား

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး S. Jaishankar က ရုရှားနိုင်ငံနှင့် စွမ်းအင်ကုန်သွယ်မှုအပေါ် အမေရိကန်ပြည်ထောင်စု၏ ဝေဖန်မှုကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် "ရှုပ်ထွေးလျက်ရှိသည်" ဟု ယခုလ ၂၁ ရက်၊ ကြာသပတေးနေ့တွင် မော်စကိုမြို့၌ ၎င်း၏ ရုရှားလုပ်ဖော်ကိုင်ဖက် Sergey Lavrov နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၎င်းက အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့ကို အများဆုံးဝယ်ယူသူမဟုတ်ကြောင်း ထောက်ပြခဲ့ပြီး နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် စစ်ရေး-နည်းပညာ ပူးပေါင်းဆောင်ရွက်မှုသည် ဖက်စပ်လုပ်ငန်းများနှင့် နည်းပညာလွှဲပြောင်းမှုများမှတစ်ဆင့် ခိုင်မာနေဆဲဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

"ရုရှားရေနံကို အများဆုံးဝယ်ယူသူ ကျွန်တော်တို့ မဟုတ်ပါဘူး— ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဖြစ်ပါတယ်။ LNG ကို အများဆုံးဝယ်ယူသူက ကျွန်တော်တို့မဟုတ်ပါဘူး — ၎င်းသည် ဥရောပသမဂ္ဂ ဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ်နောက်ပိုင်း ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး တိုးတက်လာသည့်နိုင်ငံလည်း ကျွန်တော်တို့ မဟုတ်ပါဘူး— တောင်ဘက်ပိုင်းရှိ အချို့နိုင်ငံများဖြစ်မည်ဟု ထင်ပါတယ်။" ဟု Jaishankar က ပြောကြားခဲ့သည်။

၎င်းက အမေရိကန်ပြည်ထောင်စုကိုယ်တိုင်က ရုရှားနိုင်ငံမှ ရေနံဝယ်ယူခြင်း အပါအဝင် ကမ္ဘာ့စွမ်းအင်ဈေးကွက်ကို တည်ငြိမ်စေရန် "တတ်နိုင်သမျှ အရာအားလုံး" လုပ်ဆောင်ရန် အိန္ဒိယနိုင်ငံကို တိုက်တွန်းခဲ့ကြောင်း ထောက်ပြခဲ့သည်။

"ကျွန်တော်တို့က အမေရိကန်ပြည်ထောင်စုမှလည်း ရေနံဝယ်ယူသည့်အတွက် ၎င်းပမာဏ တိုးမြင့်လာခဲ့ပါတယ်။ ဒါ့ကြောင့် ရိုးရိုးသားသားပြောရလျှင် ကျွန်တော်တို့အနေဖြင့် ၎င်းအငြင်းအခုံ၏ ယုတ္တိဗေဒအပေါ် အလွန်ရှုပ်ထွေးလျက်ရှိပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ မှတ်ချက်များသည် အမေရိကန်ပြည်ထောင်စုက အိန္ဒိယနိုင်ငံအပေါ် ၂၅ ရာခိုင်နှုန်း အကောက်ခွန်စည်းကြပ်ခြင်းနှင့် ရုရှားရေနံအား ဝယ်ယူမှုအတွက် ပြစ်ဒဏ်အဖြစ် ၂၅ ရာခိုင်နှုန်း အပိုဆောင်းစည်းကြပ်ခြင်းတို့၏ နောက်ခံအခြေအနေတွင် ထွက်ပေါ်လာခြင်းဖြစ်ပြီး ၎င်းတို့သည် ဩဂုတ်လ ၂၇ ရက်မှစ၍ အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

Agribusiness & Trade

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် Lavrov က "ကျွန်တော်တို့က ဟိုက်ဒရိုကာဗွန်ကဏ္ဍနှင့် အိန္ဒိယဈေးကွက်သို့ ရုရှားရေနံတင်ပို့မှုတို့တွင် ပူးပေါင်းဆောင်ရွက်မှုမှ ကောင်းမွန်သော ရလဒ်များ ရရှိခဲ့ပါတယ်။ ရုရှားဖက်ဒရေးရှင်း၊ အရှေ့ဖျားဒေသနှင့် အာတိတ်ကမ်းလွန်ရေနံမြေများ အပါအဝင် စွမ်းအင်အရင်းအမြစ်များ ထုတ်ယူရေးအတွက် နှစ်နိုင်ငံပူးတွဲစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အပြန်အလှန် အကျိုးစီးပွားရှိပါတယ်။" ဟု ပြောကြားခဲ့သည်။

၎င်းတို့နှစ်ဦးသည် မျှတသော ကုန်သွယ်မှု မိတ်ဖက်ဆက်ဆံရေးအတွက် အိန္ဒိယနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန်တင်ပို့မှုများ တိုးမြှင့်ရန် နည်းလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အကောက်ခွန်မဟုတ်သော အတားအဆီးများနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတားအဆီးများကို လျင်မြန်စွာဖြေရှင်းရန် လိုအပ်ကြောင်း သိရသည်။

"ဆေးဝါး၊ စိုက်ပျိုးရေးနှင့် အထည်အလိပ်ကဏ္ဍများတွင် အိန္ဒိယနိုင်ငံမှ ရုရှားနိုင်ငံသို့ တင်ပို့မှုများ မြှင့်တင်ခြင်းသည် လက်ရှိမညီမျှမှုကို ပြုပြင်ရန် သေချာပေါက် အထောက်အကူပြုမည်" ဟု Jaishankar က ပြောကြားခဲ့သည်။

"ဓာတ်မြေသြဇာ ရေရှည်ထောက်ပံ့နိုင်မှုကို သေချာစေမည့် အစီအမံများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အိန္ဒိယကျွမ်းကျင်လုပ်သားများ၊ အထူးသဖြင့် IT ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာကဏ္ဍများမှ လုပ်သားများသည် ရုရှားနိုင်ငံရှိ လုပ်သားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေနိုင်ပါတယ်။" ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံအနေဖြင့် ရုရှားမှ ရေနံဝယ်ယူမှုအပေါ် ဒဏ်ခတ်သည့်အနေဖြင့် အကောက်ခွန် ၂၅ ရာခိုင်နှုန်း အပိုထပ်ဆောင်းကောက်ခံမည်ဟု အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲပြောကြားချက် အပေါ်ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ပြုလုပ်သော နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲမှတစ်ဆင့် ချေပပြောဆိုလိုက်ပြီး၊ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်သွားမည့်အကြောင်း သတင်းစကားပါးလိုက်မှုအပေါ် သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, India “Perplexed” at US. Oil Logic, August 22, 2025.

Agribusiness & Trade

## ရုရှားမှ တရုတ်သို့ ရေနံတင်ပို့မှု ၇ လအတွင်း ၇ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ရုရှားနိုင်ငံမှ တရုတ်နိုင်ငံ ရေနံတင်ပို့မှု ပမာဏ သည် တန်ချိန် ၅၇ ဒသမ ၇၁ သန်းရှိခဲ့ပြီး ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တရုတ်အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

GACC ၏ ဖော်ပြထားသည့် အချက်အလက်များအရ အဆိုပါကာလအတွင်း ရုရှားမှ တရုတ်သို့ ရေနံတင်ပို့မှု၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၈ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလား တူကာလထက် ၂၁ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းခဲ့သည်။ ရုရှားသည် တရုတ်နိုင်ငံသို့ မဟာဗျူဟာ မြောက်အရင်းအမြစ်ကို အဓိကပို့ကုန်တင်ပို့သည့် နိုင်ငံအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။

ဇူလိုင်လတွင် ရုရှားသည် တရုတ်နိုင်ငံသို့ ရေနံတင်ပို့မှု တန်ချိန် ၈ ဒသမ ၇ သန်း ရှိခဲ့ပြီး၊ ဇွန် လထက် ၄ ဒသမ ၂ ရာခိုင်နှုန်း ပိုမိုများပြားခဲ့သည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၁ ဘီလီယံရှိခဲ့ပြီး ယခင်လထက် ၉ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇ လတာကာလအတွင်း ရုရှားမှ တရုတ်သို့ သဘာဝဓာတ်ငွေ့ ရည်(LNG) တင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၃၈ သန်းရှိခဲ့ပြီး၊ တန်ဖိုးအားဖြင့် ၁ ဒသမ ၉၈ ဘီလီယံရှိ ကာ ၁၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း GACC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်တွင် ရုရှားမှ တရုတ်သို့ ရေနံတင်ပို့မှုပမာဏမှာ တန်ချိန် ၁၀၈ ဒသမ ၄၇ သန်း ရှိခဲ့ ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် LNG တင်ပို့မှုမှာ တန်ချိန် ၈ ဒသမ ၃ သန်းရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၃ ဒသမ ၃ ရာခိုင်နှုန်း ပိုများကြောင်း သိရသည်။

၂၀၂၃ ခုနှစ်တွင် ရုရှားနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၂၄၀ ဒသမ ၁၁ ဘီလီယံရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၈၁ ဘီလီယံထိ တိုးတက်ခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/24825727

Agribusiness & Trade

## ရုရှားနှင့် အိန္ဒိယကြား ကုန်သွယ်မှုပမာဏ ငါးနှစ်အတွင်း ခုနစ်ဆတိုးလာ

ရုရှား-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် လွန်ခဲ့သည့်ငါးနှစ်အတွင်း ခုနစ်ဆနီးပါး တိုးတက်လာခဲ့ကြောင်း၊ အိန္ဒိယသည် ရုရှား၏ အဓိကနိုင်ငံခြားကုန်သွယ်ရေး မိတ်ဖက်များထဲမှ ထိပ်ဆုံး (၃) နိုင်ငံစာရင်းတွင် ပါဝင်ကြောင်း ရုရှား ပထမဒုတိယဝန်ကြီးချုပ် Mr. Denis Manturov က ရုရှား-အိန္ဒိယ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ကော်မရှင် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အိန္ဒိယသို့ အဓိကတင်ပို့သည့် ကုန်စည်များမှာ စွမ်းအင်အရင်းအမြစ်များအပြင် ဓာတ်မြေဩဇာများ၊ သတ္တုထုတ်ကုန်များ၊ သစ်ထွက်ကုန်များ၊ စိန်၊ စွမ်းအင်ဆိုင်ရာ စက်ပစ္စည်းကိရိယာများနှင့် အစားအသောက်များ ဖြစ်သည်။ အိန္ဒိယမှ ရုရှားသို့ အဓိကတင်သွင်းသော ကုန်စည်များမှာ စိုက်ပျိုးရေးထွက်ကုန်များ၊ ဆေးဝါးများနှင့် ကုန်ကြမ်းပစ္စည်းများ၊ အပေါ့စားစက်မှုလုပ်ငန်းသုံး ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်ပစ္စည်းကိရိယာများနှင့် အစိတ်အပိုင်းများ ဖြစ်သည်။

ဥရောပအာရှစီးပွားရေးသမဂ္ဂ(Eurasian Economic Union) နှင့် အိန္ဒိယအကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (FTA) ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ရုရှား - အိန္ဒိယ နှစ်နိုင်ငံကြား ဘဏ်လုပ်ငန်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းအပြင် ရုရှားနိုင်ငံသည် အိန္ဒိယသို့ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၊ ကျောက်မီးသွေးများကို ဆက်လက်တင်ပို့လျက်ရှိပြီး သဘာဝဓာတ်ငွေ့ရည် (LNG) တင်ပို့နိုင်မှု အလားအလာ ကိုလည်း Mr. Denis Manturov က အဆိုပါ အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အိန္ဒိယသည် ကမ္ဘာ့တတိယမြောက် ရေနံအများဆုံး သုံးစွဲသည့်နိုင်ငံဖြစ်ပြီး တင်သွင်းမှုအပေါ် မှီခိုမှုမြင့်မားသည့် နိုင်ငံဖြစ်သည်။ ရုရှားနှင့် အိန္ဒိယကြား နိုင်ငံတော်သုံး ငွေကြေးများဖြင့် ငွေပေးချေမှုဝေစုသည် ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။

ရုရှားနှင့် အိန္ဒိယကြား နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅ ဘီလီယံခန့်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၆ ဘီလီယံအထိ တိုးတက်ခဲ့သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20250820/rossiya-2036562788.html

……………………………………………………………………………………………….